# သခင့်စကား
# The LORD's Word

မင်းအောင်သက်လှိုင်စီစဉ်ထုတ်ဝေသည့် ဝိညာဉ်ရေးရာစာစောင်


**ငါသည် အလျှင်အမြန် လာမည်။ ဤစာစောင်၏ အနာဂတ္တိ စကားကို စောင့်ရှောက်သော သူသည် မင်္ဂလာ ရှိ၏ ။ ဗျာဒိတ် ၂၂:၇**

အမှတ်စဉ် (၁၉၅) နိုဝင်ဘာလ ၂၀၁၇ ခုနှစ် ဧပြီ ဧဇ္ဇဒါန (လစဉ် ပထမ တနင်္ဂနွေနေ့တိုင်း အခမဲ့ ဖြန့်ချိသည် ) ၂၀၀၁ ခုနှစ်တွင် တည်ထောင်သည်။ Est; September 2001

## သခင့်ဘုန်းတော် ထွန်းပေါ်နိုင်ပါစေ

### သခင့် ဘုန်းတော်ထွန်းပေါ်နိုင်ပါစေ *ကဗျာ - မင်းအောင်သက်လှိုင်*

သာသနာလမ်း မပြေ ၊ အသပြာလမ်း မွေ့လို့ - ဆရာ ရတက်ပွေ နေပါသလား ။
လူဆိုး လဲ များ ၊ သူခိုး လဲ ပွား လို့ ၊ ဆရာ စိတ်အားငယ် နေပါသလား ။
ရန်သူ လဲ ထူပေါ ၊ မိတ်ဆွေရင်း လဲ ဆူပြောလို့ ၊ ဆရာ ငြူဆူ နေပါသလား ။
မိုးရေ လဲ တိုး ၊ နွေနေ လဲ ငြိုး လို့ ၊ ဆရာ ရင်ကျိုး နေပါသလား ။
စာတန် က တွယ် ၊ ကောင်းကင်တမန် မကယ်လို့ ၊
ဆရာ စိတ်အားငယ် နေပါသလား ။
လှိုင်း ကလဲ လူး ၊ လေ လဲ ရူး လို့ ၊ ဆရာ မူးမေ့ နေပါသလား ။
ကပ်ဆိုး လဲ ခြွေ ၊ ဂြိုလ်ဆိုး လဲ မွှေ သမို့ ၊ ဆရာ စိတ် လေ နေပါသလား ။
ဇာတိ အထုတ်အပိုး ၊ ဂိညာဉ် အပုပ်အသိုး တွေကြောင့်
ဆရာ စိတ်ဆိုး နေပါသလား။
ကြီးပွားရေး မဖက် ၊ စီးပွားရေး မတွက်လို့ - ဆရာ စိတ်ပျက် နေပါသလား။
ပိုက်ကွန် က ပြဲ ၊ လှေဝမ်း ကွဲလို့ - ဆရာ ဝမ်းနည်း နေပါသလား။
ဒေါ်လာ ဗလာ ၊ အလှူငွေ မပါလို့ - ဆရာ ဗျာပွေ နေပါသလား။
သိုးမည်း ကပျောက် ၊ သိုး သူခိုး တွေ နှောက်လို့
ဆရာ စိတ်နှောက် နေပါသလား။
ဇာတိ ငနဲ ကမွှေ ၊ ဖာရိရှဲ တွေက ခြွေလို့ - ဆရာ စိတ်လေ နေပါသလား။
ဆရာ နဲ့ အသင်းသား ၊ ညီတူ အားနဲ့
ဆရာ နဲ့ အသင်းလူကြီး ၊ တူပေါင်း စည်းပြီး
စာတန်ဆိုး ကို ဖျက် ၊ ပူးပေါင်း ရွက်မည် ။
ဆရာ့ ခေါင်းမှာ အောင်ပန်း ဝေ ၊ ဆရာ့ အပြုံးတွေ ချို ပါစေ ။




ဆရာ နဲ့ သင်းထောက် ၊ ကူမ ထောက်ပြီး
ဆရာ နဲ့ အသင်းသား ၊ စည်းလုံး အားနဲ့
သခင့် အသင်းတော်ကို တည်ထောင်
သခင့် ဘုန်းတော် ထွန်းပေါ် နိုင်ပါစေ ။ ။ *(မင်းအောင်သက်လှိုင်)*

*(ဤ ကဗျာဖြင့် သာသနာပြု ဧဝံဂေလိ ဆရာ၊ သင်းအုပ် ဆရာကြီးများနှင့် သင်းထောက်လူကြီး များအား ဂုဏ်ပြု ပါသည်။)*

---

## မမြင်သော်လည်း

**မမြင်သော်လည်း** (သိုးသူငယ် - ဒါးက)



ကိုယ်တော့်ကို ရှေ့မှာ ထား ၊ မင်း ရှာနေတဲ့ အောင်မြင်မှု
မင်းရှေ့ ရောက်လာမှာ မလွဲ သေချာတယ်။
ဒါပေမဲ့ - လူတွေ မြင်ချင်မှ မြင်မယ်။
ကိုယ်တော့်ကို နောက်မှာ ထား ၊ မင်း ရှာနေတဲ့ အောင်မြင်မှု
ပေးသထက် ပျောက်ကွယ်သွားမှာ မလွဲ သေချာတယ်။
ဒါပေမဲ့ ရှုံးနိမ့်မှု ၊ လူအများ ကြားမှာ ကဲ့ရဲ့စရာ ဖြစ်နေမယ်။




ကိုယ်တော့် ဦးဆောင်မှု နောက်လိုက် ၊
ကိုယ်တော် ခင်းတဲ့ လမ်းအတိုင်း လျှောက် ။
ကိုယ်တော့် ဘုန်း အတွက်သာ အသက်ရှင် ၊
လူတွေ မြင်ချင်မှ မြင်မယ်။
(ဒါပေမဲ့) မင်း ဝမ်းမြောက်နေမှာ ။ ။ (သိုးသူငယ် - ဒါးက)

---

## သူနှင့်လူ

**" သူ နှင့် လူ "** Saw Z Net Eagle

လဲနေသူကို တချို့က ထူတယ်၊
တချို့ကျ ထောင်းတယ် ။
မှားနေသူကို တချို့က ပြင်ပေးတယ် ၊
တချို့ကျ အပြစ် မြင်တယ် ။
အခြားသူ မကျန်းမာတော့ ၊ မှားယွင်းခြင်း၊
သူတို့ မကျန်းမာတော့ ၊ စုံစမ်းခြင်းတဲ့ ။
ရှေ့တမျိုး နောက်တမျိုး ၊ လိုတမျိုး မလိုတမျိုး
အဲ့ဒါ လူ - သူကတော့ လိုလို မလိုလို
အနားမှာ အတူ အစဉ် ရှိတယ်။
သူ နှင့် လူ မတူ ၊ ထာဝရ အဖ ၊
ငြိမ်သက်ခြင်း၏ အရှင် ။ ။ Saw Z Net Eagle



---

## သခင့်အတွက်

***သခင့်အတွက်*** ဖွန်ပန်း

မယိမ်း မယိုင် ၊ မပြို မလဲ
မှန်မှန် ခြေလှမ်း ၊ သခင့်တွက်ဘဲ
ငွေကြေး အသပြာ ၊ ပေးသူ မရှိ
ကူသူ မဲ့လဲ ၊ သခင့်တွက်ဘဲ
နှုတ်ဖြင့် ဝေငှ ၊ သက်သေ ခံဖို့
မဝံ့ ရဲလဲ ၊ ကိုယ်တော် ပေးထား
ဤလက် များဖြင့် ၊ သခင့် အတွက် သက်သေကွယ်။



သခင့်ထံမှ သတင်းစကာ ၊ လူသားများကို ၊ ဖြန့်ဝေဖို့ရန်
ဉာဏ်ပညာနှင့် ဆု ကျေးဇူးများ
သခင် ပေးထား ၊ ပေးအပ်တာဝန် ကျေပွန်လို့
ဒို့များ မောင်မယ် တူလက်တွဲ ၊ သခင့်အတွက် အတူဆင်နွဲ။ ။
**သခင့်အတွက်** ဖွန်ပန်း



---

## ဆုလက်ဆောင်

**ဆုလက်ဆောင်** *ဆယ်မြူရယ်စိုးလွင်*

လူတစ်ဦး ဘဝ ၊ သင် ငါ ရရှိလာသည်နှင့်
အစွမ်း ။ ခွန်အား ။ ပညာ တရားများက
လုံလောက်ပြည့်စုံ သုံး မကုန်နိုင်ပါဘူး ...... ။
ထို အစွမ်း ၊ ခွန်အား ၊ ပညာတရား
တရားများအား ၊ အလေး မထား
ပြုနိုင် အားလျှင် ၊ အသုံး မဝင် အချည်းနှီးပင် ..... ။



ဣဿစာသယ ဘဏ္ဍာ မြတ်သို့
ရှိထား လက်ဆောင် ၊ အကျိုး ရှိနိုင်စေဖို့
သုံးလှည့်ပါတော့ ၊ သုံးပါတော့ ။ ။ ဆယ်မြူရယ်စိုးလွင်

---

## မာတုရသမိုင်း

**(မာတုရသမိုင်း)** စိုက်သူ

မတိုက်ရဲ ရင်လည်း - ချိုင့် ထဲမှာပဲ ကျန်ခဲ့လေ ။
ဝိညာဉ် ခရီး မှာတော့ - မာန်တင်းကာ မျှော်လင့်ပါကွယ့်
စစ်သည် ဆိုတာကတော့ ၊ တိုက်ရင်း သေ ။
ဆူနာမီ လိုပဲ့
မှသား အဖ က ၊ ရှေ့က မွှေ
ဇာတိက မီးလို ဝိုင်း ။
ရန်သူက အသံ ဆူနေ
သေမင်းက နေ့ခင်း မရှောင် ။





သခင့်စကား ဝိညာဉ်ရေးရာ စာစောင်၊ အမှတ်စဉ် ၁၉၅ နိုဝင်ဘာလ ၂၀၁၇ ခုနှစ်။
နိုင်ငံတကာမှ မြန်မာခရစ်ယာန် အသင်းတော်နှင့် မိတ်သဟာယအဖွဲ့များ အတွင်း အခမဲ့ ဖြန့်ချိရန် ဂန္ထဝင် ထုတ်ဝေသည်။

အမှောင်က အလင်းလို မပြော
လောက က ဒေါ်ပွ နေတော့ ။
ကဲ . . ပြော. . ပြော . . ပြော
ချီး မွမ်းသံ ပေါ်တဲ့ - ဆု သရဖူ ရှိရာ ၊ အထက်ရပ် ဆီသို့
အားတင်းကာ လမ်းကျဉ်းထဲမှာဖြင့်
တိုက်ရင်းသေ ရှင်ပြန်ကြမယ်တဲ့
အဲဒါ . . . မာတုရ သမိုင်း ။ ။ ( စိုက်သူ )

---------------------------------------

## မှာတော်ပုံ

**မှာတော်ပုံ** မိုင်လေး(နည်းပညာ)




အိုဘယ့် - ယုံကြည်သူတို့
အဆင် ချောလွန်းခြင်းရဲ့ တစ်ဖက်ခြမ်းမှာ ပေးဆပ်မှုတွေ
ရှိချေတတ်လို့ သတိချပ်ကြီး ထားပါဦး။
မတူ ထမ်းပိုးရဲ့ ဆုံချက်ကို ညီမျှခြင်း ချနိုင်ပါမည်လား။
အိုဘယ့် - ယုံကြည်သူတို့
မတည်မြဲတဲ့ ပစ္စည်းဥစ္စာကို မတပ်မက်လိုက်ပါနဲ့
လောကီ အရာတွေနဲ့ အချိန် မဖြုန်းပါနဲ့ ၊
အတွင်း နှလုံးသား ဖြူစင်သူသာ ရွေးချယ်ယူပါ ။
အိုဘယ့် - ယုံကြည်သူတို့
လောက ချမ်းသာဆိုတဲ့ အမျိုးက လေရူးလို ခန တစ်ဖြုတ်လေးဘဲ ။
မနက်ဖြန်ထက် တမလွန် ဆိုတာ ပိုနီးတယ် ။
အဓိက နဲ့ သာမည ၊ ခွဲခြား သိမြင်စေပါသော် ။
အိုဘယ့် - ယုံကြည်သူတို့
သီလ ဆောက်တည်ခြင်းမှာ ၊ ယေရှုကို ပထမ အရာပေးပါ ။
ယေရှုကို ဦးစား ပေးပါ ။
မကုန်ဆုံးတဲ့ ဘဏ္ဍာတိုက် သော့ ကို ၊ ကိုင်ဆောင်ခွင့် ရမှာပါ။ ။ မိုင်လေး

---------------------------------------

## နာမနဲ့မာန

**( နာမ နဲ့ မာန )** Sai Naung




ကိုယ်တော်ရဲ့ နာမ နဲ့ ဆုတောင်း ပေးပါ။
ကိုယ် ဆုတောင်းပေးလို့ သက်သာ ပျောက်ကင်းသွားမယ်
ဆိုတဲ့ မာန နဲ့ မတောင်းပေးပါနဲ့ ။
ကိုယ်တော်ရဲ့ နာမ ကို ထောက်ပြီး ပေးကမ်းပါ၊
ကိုယ် ပေးနိုင်တယ် "ငါ ပေးတာနော်" ဆိုတဲ့ မာန နဲ့ မပေးပါနဲ့။
ကိုယ်တော်ရဲ့ နာမ နဲ့ ခွင့်လွှတ်ပါ၊
ဒီတခါတော့ ငါ ခွင့်လွှတ်လိုက်ဦးမယ် ဆိုတဲ့ မာန နဲ့ ခွင့်မလွှတ်ပါနဲ့။
ကိုယ်တော်ရဲ့ နာမ နဲ့ တစ်ချို့သော အမှားတွေကို လျစ်လျူရှု လိုက်ပါ၊
ကိုယ့်ရဲ့ မာန နဲ့တော့ တစ်ချို့ အမှားတွေကို ဥပက္ခာ မပြုလိုက်ပါနဲ့ ။ ။
(ခရစ်တော် နာမ၌) Sai Naung

## နှလုံးသားလေးတွေပိတ်ထားစို့

**နှလုံးသားလေးတွေ ပိတ်ထားစို့** (ဆုးရင့်စိမ်း)

ကြားရသော သတင်း အမျိုးမျိုးကြောင့် ခြံဝင်း တံခါးကို နေ့ည မပြတ် သော့ခတ်ကာ ပိတ်ထားရသည်။ ယောင်၍ ဖြစ်စေ၊ မေ့လျော့၍ ဖြစ်စေ၊ ပေါ့ပေါ့ ဆဆ မနေပုံပေ။ သော့ မခတ် ထားပါက နာရီ မိနစ် စက္ကန့် မရွေး ပြဿနာ အကြီးကြီး တက်သွားနိုင်သည်။ အကြောင်းမှာ နေ့ခ င်း ကြောင်တောင် အကြောင် ရိုက်ပြီး အိမ်ထဲ ဝင်ကာ အနုကြမ်း စီးသူများ ရှိနေသောကြောင့် ဖြစ်ပါသည်။ သူတောင်းစား ဟန်ဆောင်ပြီး အနုကြမ်း စီး သလို အတင်း တောင်းတတ်သော သူများလဲ ရှိနေပါသေးသည်။ ကြော်ငြာလား၊ ဂေစာလား။ ဈေးရောင်းလား ဂေခွဲ မရပါက တို့ဆေး မိ၍ ပစ္စည်း ပါသူများ အကြောင်းလဲ သတင်း ကြားရပြန်သည်။ ငွေ မရှိသော အိမ်၊ သူခိုး ဝင်မိသည့်အခါ ခိုးစရာ ငွေ မရှိ၍ သူခိုးက ဒေါသ ထွက်ကာ စာရေး ထားခဲ့သည်မှာ "နောက်တစ်ခါ ဒီလို အချိုး မျိုး မချိုးနဲ့ " တဲ့။ ဆိုင်ကယ် သူခိုးကလဲ တမှောင့်၊ ရိုရိုး မခိုးဘဲ စာတိုလေး ကပ်သွားသည် "Thank you" တဲ့။ စာဖတ် သူများတို့ရေ၊ အပို ရေးတယ်လို့ မထင်ပါနဲ့နော်။ ကိုယ်တိုင်လဲ ကြုံရပါသေးတယ်။ အပြင် ထွက်မလို့ တံခါး အဖွင့်မှာ ဘွားကနဲ လက်တစ်ဖက် ထွက်လာပြီး ငွေ မစ ဖို့ တောင်းခံ ပါတော့ သည်။ နှလုံးတုန် ရင်တုန် ဖြစ်ခဲ့ရသောကြောင့်လဲ ထိုနေ့မှ စ၍ တံခါး စောင့် ရာထူး နှင့် သော့ခတ်ခြင်း အလုပ်ကို ပူးတွဲ ယူခဲ့ရပါသည်။ ခေါင်းလောင်း ဆွဲသံ မြည်တိုင်း ချောင်းကြည့် ရသည်။ ရန်သူလော၊ မိတ်ဆွေလော ခွဲခြားပြီးမှ တံခါးဖွင့် ရပါသည်။ ဟန်ဆောင် လိမ်လည်တတ်သော မသမာသူ ဒုစရိုက်သမား တွေကြောင့် မိသားစုတွေ လုံခြုံဖို့ ခြံတံခါး၊ အိမ်တံခါး အမြဲ ပိတ်လို့ ထားရပြန် ပါသည်။

ထိုနည်းတူစွာပင် အတွင်း နှလုံးသား တံခါးကိုလဲ အလွယ်တကူ မဖွင့်မိဖို့ လွန်စွာ အရေးကြီးလှပါသည်။ မိသားစုတွေ စိတ်သဘောထား ကွဲလွဲ ကာ မငြိမ်မသက် ဖြစ်ရသည့် အဖြစ်အပျက်များ တစ်နေ့တခြား များလာသည့် သတင်း မကြာခန ကြားနေရသည်။ လင်နှင့် မယား။ သမီးနှင့် သား စိတ် သဘော ထား မတိုက်ဆိုင်ကာ ရန်ဖြစ်ကြရသည်။ မျက်ရည်ကျကာ ငိုယိုကြရသည်။ အကူ အညီ မဲ့သလို ဆုတောင်း ဖော်ပြလို့ တောင်းခံကြရသည်။ ခရစ်ယာန် အိမ်ထောင် မိသားစု၌ မမြင်ရသော နည်းဖြင့် စာတန်သည် ဝင်ရောက် တိုက်ခိုက်ရန် ကြိုးစား ကြောင်း နားလည် သဘောပေါက်ရသည်။ ဂုဏ်ပြုသည့် ပုံစံ၊ ကိုးကွယ်သည့် ပုံစံ။ မည်သို့ မည်ပုံ ဆိုသည့် အချက်များဖြင့် ကွဲလွဲ ယူဆကြသောကြောင့် အိမ်ထောင်၌ ပျော်ရွှင်မှုများ ချုပ်ငြိမ်း ကြရတော့သည်။ အပို မဟုတ်ဘဲ တကယ့် အဖြစ် အပျက် တစ်ခုက စာရေးသူ၏ မိသားစုထဲ၌ ကြုံတွေ့ခဲ့ရသည်။ သတိထား စရာ ဖြစ်သောကြောင့် နှလုံးသား တံခါး အရမ်း မဖွင့်ဖို့ ရေးသား ဖော်ပြခြင်း ဖြစ် ပါသည်။

ရိုးသား၍ ချစ်စရာ ကောင်းသော ခဲအို။ စကားနည်း၍ ရန်စဲ တတ်သော ခဲအို။ မိသားစုကို ချစ်ပြီး မိန်းမကို အရေး ပေးသော ခဲအို။ တစ်နေ့ အိမ်သို့ ပြန်လာကာ ဇနီးသည်အား ဆန့်ကျင်ဘက် စကား ပြော၍ ဆယ်ဖို့တစ်ဖို့ ထားသည့် နည်းမှာ မှားယွင်းကြောင်း၊ ဂုဏ်ပြုကိုးကွယ်ရာ မှာလဲ သနားစရာ ကောင်းကြောင်း ဗျာဒိတ်ကျမ်းနှင့် မကိုက်ညီကြောင်း ဝိညာဉ်တော်နှင့် မပြည့်ဝ သောကြောင့် နိမိတ်လက္ခဏာများ မပြနိုင်ကြောင်း ဆုတောင်းသည့် အခါ၌လည်း လက်အုပ် ချီခြင်းမှာ မမှန်ကန်ကြောင်း အစရှိသဖြင့် ပြောဆို လာသောကြောင့် လင်မယား နှစ်ယောက် ခွန်းကြီး ခွန်းငယ် စကား များကြလေတော့သည်။ ထိုသူ နှစ်ဦးမှ စ၍ သားသမီး၊ တူ တူမများ သာမက ညီမ ဖြစ်သော ကျမ ထံသို့ ကူးစက် လာလေသည်။ နှလုံး တုန် ရင်တုန် ဖြစ်ရသောကြောင့်လည်း ဖြေရှင်းရန် ဆုတောင်း ရလေသည်။ မိသားစု ဝင်ထဲက အမှုတော်ဆောင်များလည်း မနေသာ တော့ပါ၊ ဖုန်းနှင့် တစ်မျိုး ၊ လူကိုယ်တိုင် တသွယ် ပိုင်းဝန်းကူညီ အဖြေရှာ ကူညီ ရလေ တော့သည်။ မိမိတို့ ယုံကြည် လက်ခံ ထားသော ခရစ်တော် ဘုရား၏ ဘုန်း မကျ ဆင်း စေရန် ဆုတောင်း၍ တစ်ယောက် တစ်မျိုး ဖြောင်းဖျ ရှင်းပြမှသာ ပြေလည် သွား လေတော့သည်။ ဟာလေလုယာ။



ရှင်မသဲ ၇း၁၅း၂၃။ ရှင်မသဲ ၂၄း ၄-၁၄။


ချစ်သော မိတ်ဆွေများရှင့်။ ဖော်ပြပါ ဖြစ်ရပ် များကို စာဖတ်သူများထဲမှ တစ်စုံ တစ်ယောက် ကြုံဖူးပါသလား။ ခိုးခြင်း သတ် ခြင်း ဖြိုဖျက်ခြင်းငှာ ချောင်း မြောင်း နေသော စာတန်၊ အကြီးအကျယ် အလုပ် လုပ် နေသည်ကို သတိရှိပါ။ ရွေး ချယ် သော သူကို ပင် ကမောက်ကမ ဖြစ်စေ၍ လှည့်စားဖို့ အစွမ်း ထုတ်နေကြောင်း ဆင်ခြင် နားလည်ရပါသည်။ ရှင်မာကု ၁၃း၂၂။ မည်သည့် ဂိုဏ်း ဂန အဖွဲ့အစည်းကိုမှ မှန်ပါသည်။ မှားပါသည်။ ဟု ဝေဖန် စရာ မလိုပါ။ နတ်ဆိုး တွေကို နှင်ထုတ်။ နိမိတ်လက္ခဏာ အမျိုးမျိုး ပြနိုင်မှ မှန်တယ်လို့ ထောက်ခံစရာ မလို သလို။ ထိုကဲ့သို့ လုပ်နိုင်သော သူများကိုလဲ မှားတယ်လို့ မယူဆ စေလိုပါ။ အထက် အရပ်မှ လာသော ဝိညာဉ် ဆုကျေးဇူးကို ဘုန်းတော် ထင် ရှားဖို့အလိုငှာ သခင် အသုံးပြုမှာ ဖြစ်သည်။ လူသားတိုင်း၏



သခင့်စကား ဝိညာဉ်ရေးရာ စာစောင်၊ အမှတ်စဉ် ၁၉၅ နိုဝင်ဘာလ ၂၀၁၇ ခုနှစ်။
နိုင်ငံတကာမှ မြန်မာခရစ်ယာန် အသင်းတော်နှင့် မိတ်သဟာယအဖွဲ့များ အတွက် အခမဲ့ ဖြန့်ချီရန် ၈၅၃၇ ထုတ်ဝေသည်။

နှလုံးသားကို ချိန်၍ ကြည့်သော သခင်သည် ငိုက်မြည်း အိပ်ပျော်ခြင်း မရှိပါ။ တခြား ဘယ် အကြောင်းအရာကမှ ကားတိုင်ထက်မှာ အသွေးသွန်းခြင်း၊ အသက်စွန့်ခြင်း၏ အမှုကို မညှိုးနွမ်း ပါစေနှင့်။ အမျိုးမျိုးသော နိမိတ်လက္ခဏာ ပြနိုင်သော်လည်း (မသိလို့) သခင် ပြောလိုက်သော စကားကို မမေ့ပါနှင့်။ ယုံကြည်သူများ နတ်ဆိုး နှင်ထုတ်၊ အနာ ရောဂါ ငြိမ်းစေနိုင်သောကြောင့် ဘဝင် လေဟပ် စရာ မလိုပေ။ ထို အရာတွေ ထက် ကောင်းကင် နိုင်ငံမှာ စာ ရင်း ဝင်ခြင်းသည် ဆိုသာလျှင် သာ၍ ဝမ်းမြောက် ဂုဏ်ယူ စရာ ပင်။ လုကာ ၁၀း၂၀။ မိမိအား သခင် ဘုရား ပြုလုပ် ပေးခဲ့သော သေခြင်း ရှင်ခြင်း အရာ များကို တိကျ ခိုင်မာစွာ ရရှိထားပါက ချီဆောင်ခြင်း နေ့ ရက် မတိုင်ခင် နှလုံးသား တံခါးရှေ့မှာ မြည်သော ခေါင်းလောင်း သံ ကြား တိုင်း အရမ်း မဖွင့်ပါနှင့်။ စာတန် ဝင်၍ မရအောင် နှုတ် ကပါတ်တော် သော့ နှင့် ပိတ်ထား လိုက်ပါက လုံခြုံ စိတ်ချ ရမည်သာ ဖြစ်ပါသည်။ ။

(ဆူးရင့်စိမ်း)



# အချစ်နှင့်ရမ္မက်



**အချစနှင့်ရမက်** ဆယ်မြူရယ်စိုးလွင်

အချစ်နှင့်ရမက်ကွဲပြား ခြားနားမှုကို မည်သို့သိရှိနိုင်မည်နည်း။ မည်သို့ကွဲပြားသနည်း။

ကစားကွင်း၌ အပျို၊ လူပျို တစ်ဦး လမ်းလျှောက်နေသည်ကို သင် မြင်နေရသည်ဆိုပါစို့။ သင့်ကို ပြန်ကြည့်လာသောအခါတွင် သင်သည် အခြား တစ်နေရာသို့ အမှန်တကယ် ကြည့်နေကြောင်း ဟန်ဆောင်ကာ နေပြပါလိမ့်မည်။ ဟန်ဆောင်မှုနှင့် ရောနှောသော ဟန်ပြမှု သက်သက်ဖြစ်သည်။ အကယ်၍ ထို တစ်ဦးသည် အခြားအသိ မိတ်ဆွေ တစ်ဦးဖြင့် ခပ်လှမ်းလှမ်း၌ စကား ပြောဆို နေကြသည်ကို မြင်ရ ပြန်သောအခါ သင့် အနေဖြင့် ကျောက်ဆစ်ရုပ် အသွင် ငြိမ်သက်စွာ ထိုင်နေသော်လည်း စိတ်အစဉ်က မိုင်ထောင်ချီ အတွေးနယ် ဆန့်နေပါလိမ့်မည်။ ထိုတစ်ဦးကို နှစ်သက်နေမိပြီဟု စိတ်တွင် ခံစား နေမိသော်လည်း ဘာကြောင့်၊ ဘယ်လိုဆိုသည့် အကြောင်း တရား တို့က ကြက်ဥ အစ ရှာမရ သကဲ့သို့ပင် ဖြစ်နေပြီ။ ထိုထက် ပို ကောင်း ပိုနေမည် မဟုတ်လား။ သူ့ကို အမှန် ချစ်မိ နေတာလား၊ ဒါမှ မဟုတ် အသွင်ဆန်း သော ဆွဲဆောင်မှုကို အာရုံ လိုက်ကပ် နေမိခြင်းလား၊ ထိုသို့သော အချိန်တွင် အချစ်နှင့် ရမ္မက်ကို မည်သို့ ခွဲခြား ပြောပြနိုင်မလဲ။

အချစ် နှင့် ရမ္မက်။ ရမ္မက် နှင့် အချစ်။ လူမှာ ထိုနှစ်ခု ကြား ရောက်နေတတ်သည်။ မကြာမကြာ ရှုပ်ထွေးမှုများ ကျွန်ုပ်တို့ လူသားများ ကြုံဆုံ နေရ သော်လည်း၊ ကျမ်းစာတွင် ကြည့်ပါက အချစ်နှင့် ရမ္မက် အကြားကို ကွဲ ပြား ခြားနားစွာ ဖော်ပြထားသည်။ ယုံကြည်သူများ အနေဖြင့် ထိုနှစ်ခု အ ကြား ကွဲပြားခြားနားမှုကို ကောင်းစွာသိရှိ နားလည်ထားရန်လိုသည်။ အကြောင်းမှာ အချစ်ကြောင့်သော် လည်းကောင်း (သို့) ရမ္မက်ကြောင့်သော်လည်းကောင်း ဖြစ်ပေါ်လာမည့် အကျိုးဆက်များမှာ ကွဲပြားခြားနားမှုနှင့်အတူ ကြီးမားကျယ်ဝန်းလှသောကြောင့်ဖြစ်သည်။ ထို့ကြောင့် အချစ်နှင့် ရမ္မက်အကြား ကွဲပြားခြားနားမှုကို အောက်ပါအတိုင်း ခွဲခြမ်းစိတ်ဖြာသွားပါမည်။

၁။ အချစ်ဆိုတာဘာလဲ။

ကျမ်းစာတွင် ချစ်ခြင်းမေတ္တာအကြောင်း အများအပြား တွေ့ရသည်။ ရှင်မဿဲ၊ ၂၂း၃၄-၄၀ တွင်ကြည့်က ကျမ်းစာကို ခြုံငုံလျှက်ချစ်ခြင်းဖြင့်အနှစ်ချုပ် ထားသည်ကိုတွေ့ရသည်။ ထိုချစ်ခြင်းမှာ ဘုရားသခင်ကိုသော်လည်းကောင်း (သို့) ကိုယ်နှင့် စပ်ဆိုင်သောသူကိုလည်းကောင်း (မိမိနှင့် ဆုံတွေ့ရသူအားလုံး) အကျုံးဝင်စေပါသည်။ ချစ်ခြင်းမေတ္တာဖြင့် စပ်ဆိုင်လာလျှင် ခရစ်တော်ဘုရားသည် ကျွန်ုပ်တို့ကိုချစ်တော်မူသောကြောင့် အသက်တော်ကို စွန့်တော်မူပြီး၊ ကျွန်ုပ်တို့ကိုယ်စား အပြစ်ကြွေး ယဇ်ကို ပေးချေသွားသည့် အမှုကို ကြည့်ပြီး စံနမူနာ ယူနိုင်ပါသည်။ ၁ ကော၊ ၁၃ သည် ချစ်ခြင်းမေတ္တာနှင့် ပါတ်သက်လာလျှင် အားလုံးသိရှိနားလည်ထားသော ကျမ်းပိုဒ်တစ်ခုလည်း ဖြစ်သည်။ ထို အခန်းကြီး ၁၃ တွင် ချစ်ခြင်းမေတ္တာ ဟုတ်ခြင်း၊ မဟုတ်ခြင်းများကိုလည်း စာရင်းပြုစု ဖော်ပြထားသည်။ မနာလိုခြင်း၊ ဝါကြွားခြင်း၊ ဂုဏ်ပြိုင်ခြင်း၊ ကြမ်းတမ်းခြင်း၊ ကိုယ်ကျိုးကိုသာရှာခြင်း၊ အမျက်ဒေါသ လွယ်ကူစွာထွက်ခြင်း၊ အညိုးအတေးထားခြင်းတို့မှာ ချစ်ခြင်းမေတ္တာ မဟုတ်ပါ။ ချစ်ခြင်းမေတ္တာမှာ စိတ်ရှည်ခြင်း၊ သည်းခံခြင်း၊ ကျေးဇူးပြုခြင်း၊ ကာကွယ် ပေးခြင်း၊ မျှော်လင့်ခြင်း၊ ဖေါက်ပြန်ခြင်းကင်းလျှင်၊ စာနာမှုပြုစောင့်မခြင်းတို့ဖြစ်သည်။ ဆောင်ရွက်ရန် မလွယ်ကူသော အချိန်မှာပင်လျှင် မေတ္တာသည် မေတ္တာတရား ရှေ့ထားလျှက် ကမ်းလက်ကို လှမ်းပေးနေခြင်းဖြစ်သည်။ တစ်နည်းဆိုရပါက ချစ်ခြင်းမေတ္တာဆိုသည်မှာ မိမိလိုဘ ကိုရှေ့တန်းတင်ခြင်း မဟုတ် ဘဲ၊ တစ်ပါးသူကို ဗဟိုပြုသော ပရဟိတ စိတ်ထားပင်ဖြစ်သည်။ ချစ်ရသူကို ဦးစားပေးခြင်းလည်း မည်ပါသည်။ ထိုသို့ ချစ်မိသော အခါတွင် မိမိ ကိုယ်ကိုပင် စွန့်လွှတ် အနစ်နာခံလျှက် ချစ်မြတ်နိုး နေခြင်း ဖြစ်သည်။

၂။ ရမ္မက်ဆိုတာဘာလဲ။

ကျမ်းစာတွင် ရမ္မက်အကြောင်းနှင့် စပ်ဆိုင်ပြီး အတော်များများ ဖွင့်ပြထားသည်။ သုတ္တံကျမ်းသည် ၄င်းအတွက် အဖြေများကိုထင်ဟပ်ပြလေ့ရှိပြီး၊ လူငယ် ခရစ်ယာန်တိုင်း ဖတ်ရှု၊ လေ့လာ၊ နည်းနာယူသင့်သော ကျမ်းလည်း ဖြစ်သည်။ အခြားသော ဖတ်ရှုရမည့် ကျမ်းစာမှာ ရှင်မဿဲ၊ ၅း၂၇-၃၀၊ ရောမ၊ ၁း၁၈-၃၂ နှင့် အတူ ၁ ရာ၊ ၁၁ ဖြစ်ပြီး ရှင်ဘုရင်ဒါဝိဒ်သည် သွေးသား ရမ္မက်ဖြင့် အမျိုးသမီးတစ်ဦးကို ကြည့်ရှုမိပြီး နောက်ဆုံး ပညာတ်တော်များ ထဲမှ ပညာတ်များကို တစ်ခုသော ရမ္မက်ကြောင့် အားလုံးကို ချိုးဖောက်သူ ဖြစ်လာခဲ့သည်။ ယခု အကြောင်း အရာများကို ဖတ်နေခြင်းဖြင့်သိနိုင်သော အရာမှာ ရမ္မက် သဘော သည် မည်သည့်အခါမှ အဆုံးသတ် တော်သင့်ပြီဟု ရပ်တန့် မသွားခြင်းဖြစ်သည့် အကြောင်းအရင်းမှာ နှလုံးသားတွင အမြစ်တွယ်နေခြင်းကြောင့်ဖြစ်သည်။

ရမ္မက် ဖြစ်ပွားရခြင်း၏ အကြောင်းတရားမှာ တစ်ကိုယ် ကောင်းဆန်မှုကြောင့်ဖြစ်ပြီး၊ မိမိကိုယ်ကိုမိမိ တန်ဖိုး မထားခြင်း၊ အထိန်းအချုပ်ကင်းမဲ့ခြင်းနှင့် ဘုရားရှေ့တော်တွင် မနှစ်သက်သော အပြုအမူဆောင်ရွက်ချက်များကိုပြုမူလာသည်အထိဖြစ်သည်။ ရမ္မက်သည် မိမိကိုယ်ကိုသာလျှင် ရှေ့တန်းတင်ထားခြင်းဖြစ်သည်။ အခြားသူများကို အလေးထား၊ တန်ဖိုးထား ချက်တွက်မှု မရှိဘဲ မိမိအရေးကိုသာ ဦးစားပေးခြင်းဖြစ်သည်။ အပျို၊ လူပျို အကြားတွင်၊ အမျိုးသား၊ အမျိုးသမီးအပေါ် မူတည်ပြီး ကွဲပြား ခြားနားလေ့ရှိသည်။ အမျိုးသားများအတွက် အထိ၊ အတွေ့၊ အမြင်အာရုံများတွင် ခံစား၊ ထကြွ လွယ်တတ်ကြပြီး၊ အမျိုးသမီး များမှာမူကား စိတ်ပိုင်းဆိုင်ရာတွင် ပိုပြီး နှစ်သက် ပျော်ရွှင် ခံ့မင် တတ်လေ့ရှိ ကြသည်။ သို့သော် တစ်ဦးနှင့်တစ်ဦး တူညီမှုကို ပုံသေသတ်မှတ်၍ မရ စကောင်းသော်လည်း၊ လူတိုင်းအတွက် ပြဿနာဟုလည်း ပြောဆို၍ မရနိုင်ပါ။

၃။ ကွဲပြားခြားနားမှုက ဘာလဲ။

အချစ်နှင့် ရမ္မက်အကြား ကွဲပြားခြားနားမှုမှာ ကျွန်ုပ်တို့၏ စိတ်သဘောထားများသာလျှင် ဖြစ်သည်။ အမှန်တကယ် သင် တစ်စုံတစ်ဦးကို ချစ်မိနေခဲ့ပါလျှင် မိမိအတ္တကို ရှေ့တန်းမတင်ဘဲ မိမိချစ်ရသူ အရေးကိုသာလျှင် ဦးထိပ်ထားလျှက်၊ အရေးပေး ရှေ့တန်းတင်နေပေမည်။ အကယ်၍ ရမ္မက်သဘောဖြင့်တစ်စုံ တစ်ဦးအပေါ်တွင် ငြိတွယ်နေသည်ဆိုက အတ္တ အလိုကို ရှေ့တန်း တင်ပြီး နည်းမျိုးစုံဖြင့် စိတ်အလိုကို ဖြည့်ဆည်း နေပေလိမ့်မည်။ စစ်မှန်သော အချစ်စစ်ဟူသည် ဘုရားအလိုတော်နှင့်အညီ တစ်ဖက်လူကို မစ ဖေးမခြင်း၊ လိုအပ်မှုများအတွက အထောက်အမ ဖြစ်စေခြင်းတို့ ဦးတည်နေမည်။ ရမ္မက်စိတ် မှာကား ဘုရားအလိုနှင့်မညီသော သွေးသားဇာတိကို ဦးစားပေးလျှက် အလိုပြည့်ဝရေးသာ ဦးတည်နေပါလိမ့်မည်။ တစ်စုံတစ်ဦးကို သင် အချစ်စစ်ဖြင့် ချစ်မိလာချိန် ထိုသူအတွက် ဖြည့်ဆည်း ပေးရေးကို ဗဟိုပြုလျှက် အနစ်နာခံခြင်း၊ ကိုယ်ကျိုးစွန့်ခြင်း၊ တစ်ခါတစ်ရံတွင် သင့်အတွက်ခက်


နိုင်ငံတကာမှ မြန်မာခရစ်ယာန် အသင်းတော်နှင့် မိတ်သဟာယအဖွဲ့များ အတွင်း အခမဲ့ ဖြန့်ချီရန် ၈၅၃၀ ထုတ်ဝေသည်။

ခဲ့သော အရာလည်း ဖြစ်နိုင်သလို၊ သင်မလိုလားသောကိစ္စမျိုး ဖြစ်နေသည့် တိုင်အောင် သူ့အကျိုးအတွက် ဖြည့်ဆည်းပေးရန် သင်ရွေးချယ်ခြင်း ပြုနေပါလိမ့်မည်။ သွေးသား သဘောဖြင့် ရမ္မက်သဘောမှာကား "ဖျာလိုခင်း နင်းခြေပြီး" သောအခါတွင် အမျက်ဒေါသထွက် ခြင်း၊ လက်ခုကို အသုံးပြုပြီး စွန့်ပစ် သကဲ့သို့ စွန့်ပစ်ခြင်းများကို သင်ပြုခြင်း (သို့) သင်လိုသော လမ်းစဉ်သို့ မရောက်မချင်း နည်း ပရိယာယ်အသွယ်သွယ်ဖြင့် ထိုသူ အား သင့်လိုဘ ကိုဖြည့် စေပြီး၊ အထမြောက်သွားချိန်တွင် နှစ်လိုခြင်းမရှိ၊ စွန့်ပစ်ခြင်းသာ သင်ပြုပေလိမ့်မည်။

"ဒါဝိဒ်၏သား အဗရှလုံ၌ တာမာ အမည်ရှိသော အဆင်း လှသော နှမ တစ်ယောက်ရှိ၏။ ဒါဝိဒ်သား အာမနုန်သည် ထို နှမ ကိုချစ်လေ၏။ အာမနုန်က ငါ့ညီ အဗရှလုံ၏ နှမ။ တာမာကို တပ်သော စိတ် ရှိသည်ဟုပြန်ပြော၏။ အာမနုန်သည် နားမထောင် နှမ တာမာ ထက် အားကြီး သဖြင့်အနိုင်ပြု၍ အိပ်လေ၏။ တစ်ဖန် အာမနုန်သည် နှမကို အလွန် မုန်းပြန်၏။ အရင် ချစ်အားကြီးသည်ထက် မုန်းအား သာ၍ကြီးသဖြင့် သင်ထ၍ သွားလော့ ဟုဆို၏" (၂ ရာ၊ ၁၃း၁-၁၆)။ အထက်ပါ ဖြစ်စဉ်တွင် အာမနုန်သည် နှမဖြစ်သူကို တပ်မက်သော ရမ္မက်သဘောဖြင့် တွယ်ငြိခဲ့ပြီး ဒုစရိုက်အမှုများကိုပြုခဲ့သည်သာမက။ အဆုံးတွင် အသိုင်းအဝန်းတစ်ခုလုံးအထိ ဆိုးကျိုးများကို ယူဆောင်ပေးခဲ့ သူဖြစ်လာသည်။

ထို့ကြောင့် သင့်လက်ရှိ အချစ်ရေးသည် အချစ်စစ် ဖြစ်ခြင်း မဖြစ်ခြင်းအပေါ်တွင် အံ့သြကောင်း အံ့သြနေခဲ့လျှင် သင့်ကိုယ်တိုင် သင်အောက်ပါ မေးခွန်းကို မေးကြည့်ပါ -

"ငါ သူ့အပေါ်မှာ ဘယ်လိစိတ်မျိုး ထားရှိသလဲ" "ကိုယ်ကျိုးစွန့်ချစ်ခြင်းလား" "တစ်ကိုယ်ကောင်း ဆန်စွာချစ်နေခြင်းလား" " ဘာအတွက် စွဲလန်းနေမိတာလဲ" "ဘယ်အခြေအနေ ဖြစ်နေပါစေ လက်လွှတ်မခံ ချစ်နေမလား" "လက်ခု သဖွယ် ငါစွန့်ပစ်လေမည်လား" "တစ်ဘဝလုံး ဆိုးတူကောင်းဖက်လား" "ငါ့ဆန္ဒ ပြည့်စလာရန်သာ ဦးစားပေးနေခြင်းလား" စသည့် မေးခွန်းများကို မေးမြန်းကြည့်ပါ။ အထက်ပါ မေးခွန်းများကို မေးမြန်းခြင်းဖြင့် သင့်ထားရှိသော အချစ်ရေး သည် အချစ်စစ်လား၊ ရမ္မက်အစစ်လားဆိုသည်ကို သေချာစွာ သိမြင်လာပါလိမ့်မည်။ ။ နာမတော်မြတ်၌ - ဆယ်မြူရယ်စိုးလွင်

---

# စိတ်နှလုံးထဲမှာမည်သူ့ကိုအုပ်စိုးခွင့်ပေးနေသလဲ

"စိတ်နှလုံးထဲမှာမည်သူ့ကိုအုပ်စိုးခွင့်ပေးနေသလဲ" (မေသူ-ဇောနေဇာ အသင်းတော်)

(တမာန်တော် ၅း၁-၁၆) ရှေးဦးစွာ သက်သေခံခွင့် ပေးတဲ့ ဘုရားသခင်ရဲ့ကျေးဇူးတော်ကို ချီးမွမ်းပါတယ်။ ဘုရားရှင်ဟာ ကျွန်မကို ရွေးကောက်ထားပြီး ဘုရားဝတ်၌ မွေ့လျော်တတ်သူ ဖြစ်စေရန် အတွက် နှုတ်ကပတ်တော်ကို ပြင်ဆင် ပေးပါတယ်။ ဆင်ခြင် လိုက်လျှောက်ခြင်းဖြင့် အသက် တာ ပြုပြင်ပြောင်းလဲသော ကောင်းကြီးတွေကိုလည်း ခံစားခွင့်ပေးပါတယ်။ ယနေ့ အာနနိနဲ့ ရှဖိရေ အမည် ရှိသော လင်မယားနှစ်ယောက် အကြောင်း အားဖြင့် ဘုရားရှင်ပေးထားတဲ့ ကောင်းကြီးကို အနည်းငယ် ဝေငှလိုပါတယ်။

ဆင်ခြင်အောက်မေ့ခြင်း။ ၆ ရှ့ကနဦး ယုံကြည်သူများသည် သန့်ရှင်းသော ဝိညာဉ်တော် ခွန်အားဖြင့် ပြည့်ဝလာတဲ့အခါ မိမိတို့ ပိုင်ဆိုင်သော ဥစ္စာ များကို အတူတကွ မျှဝေ အသုံးပြုပြီး အသက်ရှင်နေတာကို တွေ့ရပါတယ်။ အာနနိ နဲ့ ရှဖိရေ လင်မယား နှစ်ယောက်ဟာလည်း သူတို့ပိုင် လယ်မြေကို ရောင်းပြီး အတူ



တကွ ဝေမျှ အသုံးပြုရန် ဆုံးဖြတ်ခဲ့ပါတယ်။ သို့သော်လည်း နမြောတဲ့ ဇာတိ ပကတိ စိတ်က (စာတန်ရဲ့ သွေးဆောင်ခြင်း) နောက်ကို လိုက်မိ သွားခဲ့ပါတယ်။ မိမိ အတွက် အဘိုးရဲ့ တစ်ဘို့ကို ဝှက်ထားပြီး ကျန်တဲ့ တစ်ဘို့ သာ တမာန်တော် များကို လာပေး ပါတယ်။

ထိုအခါ ဝိညာဉ်ခွန်အားနဲ့ ပြည်စုံတဲ့ ပေတရုသည် အာနနိရဲ့ စိတ် နှလုံးသား ထဲမှ အကြံအစည်ကို သိမြင်ပြီး၊ အာနနိအား "အာနနိ စာတန် သည် သင်၏ စိတ်နှလုံးကို အဘယ်ကြောင့် ပြည့်စေသနည်း။ လူကိုသာ မုသား ပြောပြီ မဟုတ်။ ဘုရားရှင်ကို မုသား ပြောပြီး။ သန့်ရှင်းသော ဝိညာဉ်တော်ကို လှည့်စားပြီ" လို့ ဆိုပါတယ်။ အာနနိ သည် ချက်ချင်း လဲကျပြီး မိမိရဲ့ အသက် ဝိညာဉ် ဆုံးရှုံးခြင်း ကို ခံရပါတယ်။ ထို့နောက် ထိုအကြောင်းကို မသိပဲ ဇနီးသည် ရှဖိရေ လည်း ရောက်လာ ပါတယ်။ သူလည်း သန့်ရှင်းသော ဝိညာဉ်တော် ကို စုံစမ်း သော ကြောင့် အသက် ဆုံးရှုံးခြင်း ခံခဲ့ရတာကို တွေ့ရပါတယ်။ စိတ် နှလုံးထဲမှာ စာတန်ကို အုပ်စိုးခွင့် ပေးတဲ့အခါ ဘုရားရှေ့ လူရှေ့ မှာ ကျရှုံး သွားသော လင်မယား နှစ်ယောက် အကြောင်း အားဖြင့် ကနေဦး ယုံကြည်သူများ ကလည်း ကြောက်လန့ သွားသလို ကျွန်မလည်း အရမ်း ကြောက်လန့် သွားပါတယ်။ စာတန်ကို နေရာ မပေးဖို့ ဝိညာဉ်တော် ဘုရားကိုသာ နေရာပေးပြီး အသက်ရှင် နေဖို့ ဝိညာဉ်တော် ဘုရားရဲ့သွန်သင်ခြင်းကို ခံရပါတယ်။

ကျွန်မရဲ့ အသက်တာမှာ ငွေကြေး ကိစ္စတွေနဲ့ ပတ်သက်ပြီး ခဏ ခဏ အပြစ်တင် စိတ် ဒေါသစိတ် ခွင့်မလွှတ်ချင်တဲ့စိတ်နဲ့ လွှမ်းမိုး ပြည့်နှက် နေခဲ့ပါတယ်။ ယနေ့ ကျွန်မသည် စာတန်ကို နေရာ ပေးနေတာကို တွေ့ရပါတယ်။ ဝိညာဉ်တော် ဘုရားကို ရှေးဦးစွာ အုပ်စိုးခွင့် မပေးပဲ ဇာတိပကတိ စိတ် နောက်ကို လိုက် အသက်ရှင်ခဲ့မိတဲ့ အတွက် ကျွန်မ အရမ်း နောင်တ ရပါတယ်။ အပြစ်ကိုလည်း ဝန်ချ တောင်းပန်ခဲ့ပါတယ်။ ဘုရားသခင်ရဲ့ မေတ္တာ အားဖြင့် ခွင့်လွှတ်နိုင်ခွင့် ခွန်အား ကိုလည်း ရရှိပါတယ်။

ကျွန်မရဲ့ နှလုံးသားကို ပြုပြင်ပြောင်းလဲစေပြီး အသစ်တဖန် ပြင်ဆင်ပေးတဲ့ ဘုရားသခင်ရဲ့ ကျေးဇူးတော်ကို ချီးမွမ်းပါတယ်။ ကျွန်မရဲ့ စိတ်နှလုံး ထဲမှာ သန့်ရှင်းသော ဝိညာဉ်တော်ဘုရားသာ အုပ်စိုး တော်မူပါ။ ။ (မေသူ)

---




မည်သူမဆို စာမူများ ရေးသား ပေးပို့နိုင်ပါသည်။ စာမူများကို scan ဖတ်၍ဖြစ်စေ ၊ ဓါတ်ပုံရိုက်၍ ဖြစ်စေ email ; **thelordword@gmail.com**. နှင့် Viber မှ တဆင့် photo sms ပို့လိုသူ များ ဖုန်း (+ ၉၅၉ ၄၅၇ ၁၅၅ ၉၁၅ ) သို့ ပေးပို့ နိုင်ပါသည်။ သခင့်စကားစာစောင် အဟောင်းများနှင့် အသစ် များကို လစဉ် ဖတ်လိုပါက Facebook account ; **lord's word** တွင် ဖတ်ရှု နိုင်ပါသည်။ ဝိညာဉ် ရေးရာ ရသစုံ (ကဗျာ၊ ကာတွန်း၊ ဟာသ၊ သက်သေခံချက်၊ ဝေငှချက်) စာမူများ ဖတ်ရှုလိုပါက **facebook** account lord's word (သခင့်စကား) နှင့် lord's heart (သခင့်နှလုံးသား) ထံ *friend request* လုပ်ပြီး ဖတ်ရှုနိုင်ပါသည်။